ဂမိကဝတ္တ၌၊ သစ်ဘဏ္ဍာ မြေဘဏ္ဍာစသည်တို့ကို သိမ်းခြင်း တံခါးမ လေသာတံခါးတို့ကို ပိတ်ခြင်း ပန်ပြော၍ သွားခြင်း စသော ခရီးသွားအံ့သော ရဟန်း သာမဏေတို့ ပြုရသော ဝတ်ရင်း။

အနုမောဒနဝတ္တ၌၊ မထေရ်ကြီး တရားဟောခြင်း မထေရ်ကြီးက တိုက်တွန်းမှ ဟောခြင်း ပန်လျှောက်၍ ဟောခြင်း စသော တရားဟောရာ၌ ပြုရသော ဝတ်ရင်း။

ဘတ္တဂ္ဂဝတ္တ၌၊ တရားဟောခြင်း ရဟန်းတို့ကို တိုးဝှေ့၍ မနေထိုင်ခြင်း ရဟန်းငယ်တို့ကို နေရာဖြင့် မတားမြစ်ခြင်း စသော ဆွမ်းစားစရပ်၌ ပြုရသော ဝတ်ရင်း။

ပိဏ္ဍစာရိကဝတ္တ၌၊ သစ်ဘဏ္ဍာ မြေဘဏ္ဍာ စသည်တို့ကို သိမ်းခြင်း သပိတ်ကို ရေကျင်းခြင်း ခါးပန်းကိုဖွဲ့ခြင်း သင်းပိုင် ကိုယ်ဝတ်သင်္ကန်းတို့ကို အဝန်းညီစွာ ဝတ်ရုံခြင်း သေခိယနှင့် အညီသွားခြင်း မနှေးမလျင် ရွာတွင်းသို့ဝင်ခြင်း မရှည်မကြာ ရပ်ခြင်း စသော ဆွမ်းခံ ရဟန်း သာမဏေတို့ ပြုရသော ဝတ်ရင်း။

အာရညိကဝတ္တ၌၊ သောက်ရေ သုံးရေ တည်ထားခြင်း မီးပွတ်ခုံပွတ်ကျည် တောင်ဝှေးထားခြင်း အရပ်လေးမျက်နှာ တာရာနက္ခတ်တို့ကို မှတ်သားခြင်း စသော တောနေ ရဟန်း သာမဏေတို့ ပြုရသော ဝတ်ရင်း။

သေနာသနဝတ္တ၌၊ ညောင်စောင်းအင်းပျဉ် အိပ်ရာနေရာ တို့ကို တံမြက်လှည်းခြင်း စသော ကျောင်း၌ ပြုရသော ဝတ်ရင်း။